# အမျိုးစောင့်

**အရှင်ကေလာသ**
ဖေဖော်ဝါရီ ၇၊ ၂၀၁၆။
---------------

တပည့်တော်ဟာ သားသမီးဝတ် မကျေခဲ့သူပါ ဘုရား။ ဘုရားဟော သားသမီးဝတ်ထဲက စောင့်လေမျိုးနွယ် ဆိုတဲ့ ကျင့်ဝတ်ကို ချိုးဖောက်ခဲ့သူပါ ဘုရား။ တပည့်တော်ကဲ့သို့ အမျိုး မတူသူကို ယူမိသူများ သားသမီးဝတ် မကျေပွန်သဖြင့် အပါယ် လားနိုင်ပါသလား ဘုရား။ ကရုဏာရှေ့ထား ဖြေကြား ပေးတော်မူပါ ဘုရား။

မောင်အိုး
--------------------------

## စောင့်လေမျိုးနွယ်

နားလည်တာ လွဲနေပြီ။ အဲဒီ 'စောင့်လေမျိုးနွယ်' စာပိုဒ်ကို ဆရာတော်တွေ မကြာမကြာ တရားဟောပါတယ်။ 'အမျိုး (လူမျိုး) မတူသူကို ယူမိရင် သားသမီးဝတ် မကျေပွန်ဘူး'လို့ ဟောကြမယ် မထင်ပါဘူး။ 'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ' ဆိုတာ သင်္ဂဇာဆရာတော်ကြီးက မူရင်း သင်္ဂါလောဝါဒ သုတ္တန်ရဲ့ စကားကို မှတ်လွယ်အောင် ချုပ်ပြီး ကဗျာအနေနဲ့ ရေးခဲ့တာ။ ကရုဏာ ရှေ့ထားပြီး ပြောရရင် ကဗျာထဲက 'စောင့်လေမျိုးနွယ်'က အိုး .. နားလည်နေသလို မဟုတ်ဘူး။ မူရင်း ဖွင့်ဆိုချက်တွေကို သေချာ ဖတ်ကြည့် ..

## မူရင်းအဆို

ပါဠိတော် မူရင်းက 'ကုလဝံသံ သဏ္ဌပေဿာမိ (ဒီ ၃၊ ၁၅၃)'တဲ့။ ဆဋ္ဌသံဂါယနာတင် မထေရ်တို့ရဲ့ မြန်မာပြန်က 'မိဘတို့၏ ဥစ္စာကို မပျက်အောင် စောင့်ထိန်းခြင်း၊ အစဉ်အဆက်မှ လာသော ကုသိုလ်ဝတ်ကို ပြုခြင်း(တို့)ဖြင့် အမျိုးအနွယ်ကို တည်စေအံ့ (ဒီ-မြန် ၃၊ ၁၇၁)'တဲ့။ အဋ္ဌကထာကို ကြည့်ပြီး မြန်မာ ပြန်ထားတာ။ အင်္ဂလိပ် ဘာသာပြန်က 'I will keep on the family tradition. (*A Translation of the Digha Nikaya*, p.467.)' တဲ့။ အင်္ဂလိပ်က ပါဠိတော် စာသွားအတိုင်း ပြန်ထားတာ။

အဋ္ဌကထာ အဖွင့်က 'အမျိုးအနွယ်ကို တည်စေအံ့-ဟူသည် မိဘတို့၏ ဥစ္စာဖြစ်သည့် လယ်ယာ ရွှေငွေ စသည်ကို မပျက်စီးစေမူ၍ စောင့်ရှောက်ခြင်း၊ မိဘတို့ကို တရားမရှိသော တရားကို မစောင့်သော အစဉ်အလာမှ ပယ်၍ တရားရှိသော တရားစောင့်သော အစဉ်အလာ၌ တည်စေခြင်း၊ ဘိုးဘွားစဉ် ဆက် ပြုလုပ်ခဲ့သည့် အလှူဒါနဝတ်ကို ဆက်လက် ပြုလုပ်ခြင်း (တို့) တည်း (ဋ္ဌ ၃၊ ၁၃၆)'တဲ့။

## အဓိပ္ပာယ်မှန်

မူရင်း ပါဠိတော်မှာ ပါတဲ့ 'ကုလဝံသ'မှာ ကုလ တစ်ပုဒ်၊ ဝံသ တစ်ပုဒ်။ ကုလ = အမျိုးအနွယ်၊ ဝံသရဲ့ ပရိယာယ်တူက ပဝေဏီ၊ အဲဒီ နှစ်ပုဒ်လုံးက မြန်မာလို အစဉ်အလာ။ ဒါကြောင့် ကုလဝံသ ဆိုတာ အမျိုးအနွယ်ရဲ့ အစဉ်အလာ (family tradition) ပါပဲ။ အဲဒီ အမျိုးအနွယ်ရဲ့ အစဉ်အလာကို .. '၁) ဘိုးဘွား စဉ်ဆက် ထိန်းသိမ်းလာတဲ့ စီးပွား ဥစ္စာတွေကို မပျက်စီးအောင် စောင့်ရှောက်ခြင်း ၂) မိဘတွေကို မမှန်တဲ့ အစဉ်အလာကို စွန့်စေပြီး အမှန်ဖက်မှာ တည်စေခြင်း ၃) ဘိုးဘွားစဉ်ဆက် ပြုလာတဲ့ ကုသိုလ်ကို ဆက်လုပ်ခြင်း'လို့ အဋ္ဌကထာမှာ သုံးမျိုး ဖော်ပြတယ်။ အဲဒီ သုံးမျိုးကိုပဲ ဘုရားဟောတဲ့ 'အမျိုးစောင့်'လို့ နားလည်ပါ။ ဒီလို မဟုတ်ရင် 'ကပြား'တိုင်း 'သားသမီးဝတ် မကျေသူတွေ' ဖြစ်သွားနိုင်ပြီး ကပြား မိဘတွေကိုပါ အပြစ်တင်သလို ဖြစ်နေမှာပေါ့။

## စံနမူတွေ

အမျိုးစောင့် အဓိပ္ပာယ် သုံးမျိုးအနက် အမှတ် ၂)ကို သုတ္တန်ဋီကာမှာ 'သူတစ်ပါးအား ညှဉ်းဆဲခြင်း စသည်မှ ရှောင်ကြဉ်စေခြင်းဖြင့် မိဘတို့ကို တရားနှင့် လျော်သော အစဉ်အလာ၌ တည်စေရမည် (ဒီ-ဋီ ၃၊ ၁၃၉)'လို့ ဖွင့်ဆိုတယ်။ ဥပမာ .. မြတ်ဗုဒ္ဓ၊ အရှင်သာရိပုတ္တရာတို့လိုပေါ့ (စဉ်းစားကြည့် .. နားလည်နိုင်ပါတယ်)။ လက်တွေ့ အသုံးချနိုင်တဲ့ အမျိုးစောင့်နည်း တစ်မျိုးက အရက်၊ အနိုပ်ခန်း စသည် စွဲနေတဲ့ အဖေ၊ ဖဲချဲဘော စွဲနေတဲ့ အမေတွေကို အဲဒီ အစွဲကို ပြုတ်အောင် လုပ်ပေးနိုင်တဲ့ သား သမီးကို 'စောင့်လေမျိုးနွယ်'ကျင့်ဝတ်ကို လိုက်နာသူလို့ ဆိုနိုင် ကောင်းပါတယ်။ ❐